# ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းစီမံချက်

| မျှော်မှန်းရလဒ် | လုပ်ငန်း | လုပ်ဆောင်ချက် | ဦးဆောင်သူ/ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/မှတ်ချက် |
|---|---|---|---|---|---|
| ၁။ စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေများ၊ လိုလားသည့် အကူအညီများ၊ ဆက်သွယ်ပြောကြားမှုနှင့် လက်တွဲဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်စေရေးအတွက် လေ့လာဆန်းစစ်မှုများနှင့် စုပေါင်းစီမံချက် ရေးဆွဲခြင်းတို့အပါအဝင် အသင့်ပြင်ဆင်ရေး လုပ်ငန်းများတွင် မတူကွဲပြားသည့် ရပ်ရွာလူထုအဖွဲ့များ၊ ဒေသခံပါဝင် ဆောင်ရွက်သူများနှင့် စနစ်တကျဖြင့် စဉ်ဆက်မပြတ် ချိတ်ဆက် ဆောင်ရွက်နေရမည်။ | (၁-၁) - ဘေးဒဏ်ခံ ပြည်သူများက ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်စွမ်း ရှိစေမည့် စုပေါင်း AAP စနစ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်များကို မြေပုံဆွဲလေ့လာရန်နှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ဒေသခံနှင့် ပြည်တွင်းရှိ လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။ | (၁-၁-၁) – ဒေသခံ လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို မြေပုံဆွဲလေ့လာ၍ ဒေသခံ CSOs များနှင့် NGOs များ၏ AAP/CE ဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေမည့် ဦးစားပေးခေါင်းစဉ်များကို ဖော်ထုတ်ခြင်း - ဤအပိုင်းတွင် AAP အကောင်အထည်ဖော်ခြင်းမှ ထွက်ပေါ်လာသည့် ပြဿနာရပ်များအကြောင်းကို အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် အဆင့်တူချင်းကူညီပေးခြင်းတို့လည်း ပါဝင်သည်။ | AAP WG နှင့် CERF၊ AAP ဘတ်ဂျတ် ရှိထားသူများ | ၂၀၂၅ ခုနှစ်၏ Q1 မှ Q4 အထိ စဉ်ဆက်မပြတ် | စွမ်းဆောင်ရည် တည်ဆောက်ရေး၏ လက်ရှိ မဏ္ဍိုင်နှင့် အသေးစား ရန်ပုံငွေ စီမံကိန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန် |
| | (၁-၂) - အကြံပြုချက်နှင့် တိုင်ကြားချက်ပေးခြင်း အတွက်လည်းကောင်း၊ ရပ်ရွာလူထု၏ တုံ့ပြန်ရေးစွမ်းရည် အတွက်လည်းကောင်း စနစ်များ/ လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ထုတ်၍ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။ | (၁-၂-၁) - တစ်နိုင်ငံလုံးတွင် ရပ်ရွာလူထု အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်များ (CFMs) များအား အသုံးပြုမှုကို မြေပုံဆွဲလေ့လာမှု ဆက်လက်ဆောင်ရွက်ခြင်း | AAPWG/ ပူးတွဲဥက္ကဋ္ဌများ | ၂၀၂၅ ခုနှစ်၏ Q2 | ရန်ပုံငွေရရှိမှုပေါ် မူတည်၍ |
| | | (၁-၂-၂) - မြေပုံဆွဲလေ့လာမှုရလဒ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက CFM သင်တန်းများ ဖော်ထုတ်ခြင်း | AAPWG/ ပူးတွဲဥက္ကဋ္ဌများ | | |

| | | | | | |
|---|---|---|---|---|---|
| | (၁-၃) – ဘေးဒဏ်ခံပြည်သူများနှင့် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပုံမှန် လက်တွဲဆောင်ရွက်ရေးနှင့် အေဂျင်စီများအကြား ပေါင်းစပ်ညှိနှိုင်းရေးကို ကူညီပေးရန်အတွက် သင့်တော်သော ဘဏ္ဍာရေးနှင့် လူ့စွမ်းအား ရင်းမြစ်များ ရရှိနိုင်အောင် ပြုလုပ်ပေးခြင်း။ | (၁-၃-၁) – HPC အစီရင်ခံခြင်းလုပ်ငန်းစဉ်သို့ အချက်အလက်များ ပံ့ပိုးပေးခြင်း၊ AAP အချက်အလက်များကို စုစည်းပြီး၊ ပြန်လည်သုံးသပ်၍ HNRP သို့ ထောက်ပံ့ပေးခြင်း။ | AAPWG/ ပူးတွဲဥက္ကဋ္ဌများ | ၂၀၂၅ ခုနှစ်၏ Q4 နှင့် မေတ္တာရပ်ခံချက်အရ | |
| | | (၁-၃-၂) – လိုအပ်သည့်နေရာတွင် စုပေါင်း AAP ကို ရေရှည်တည်တံ့စေရေးအတွက် သင့်တော်သည့် ရန်ပုံငွေခွဲဝေချထားပေးရန် ဦးဆောင်သူများအား တိုက်တွန်းလှုံ့ဆော်ခြင်း။ | ပူးတွဲဥက္ကဋ္ဌများနှင့် CERF ရန်ပုံငွေ ရရှိထားသူများ | ၂၀၂၅-၂၀၂၆ ခုနှစ်၏ ပထမ သုံးလပတ်တိုင်းတွင် | |
| | (၁-၄) - ဘေးဒဏ်ခံပြည်သူများက နှစ်လမ်းသွား ပြောဆိုဆွေးနွေးမှုများ၊ အကြံပြုချက်နှင့် တိုင်ကြားချက် ပေးခြင်းလုပ်ငန်းစဉ်များ၊ တုံ့ပြန်ရေးအကြောင်း သင်ယူလေ့လာ၍ လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်မှုများမှတဆင့် လူသားချင်းစာနာမှုတုံ့ပြန်ရေးကို ပုံဖော်ရာတွင် ချိတ်ဆက်ပါဝင်နိုင်ရေးအတွက် ကူညီပေးနိုင်သော အေဂျင်စီများအကြားရှိ လုပ်ငန်းစဉ်များနှင့် လက်တွေ့ကျသော နည်းလမ်းများကို အားဖြည့်ပေး၍ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း။ | (၁-၄-၁) – လူသားချင်းစာနာမှုအဖွဲ့အစည်းများက ရပ်ရွာလူထုဟစ်သံစင်မြင့်အစီအစဉ်ကို နားလည်၍ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ယင်းအဖွဲ့အစည်းများအား (အထူးသဖြင့် ရပ်ရွာလူထုနှင့် အနီးကပ် လုပ်ကိုင်နေသည့် ဒေသခံမိတ်ဖက်အဖွဲ့များအား) တာဝန်ခံယူမှုလုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် စွမ်းဆောင်ရည်တည်ဆောက်ရေးသင်တန်းများ ပေးခြင်းနှင့် နည်းပညာအကူအညီထောက်ပံ့ပေးခြင်း။ | WFP၊ ပူးတွဲ ဥက္ကဋ္ဌများ | ၂၀၂၅-၂၀၂၆ | |

| | | | | | |
|---|---|---|---|---|---|
| ၂။ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သည့် လိုအပ်ချက်ဆန်းစစ်မှုများနှင့် သရုပ်ခွဲဆန်းစစ်မှုများသည် ဘေးဒဏ်ခံ ရပ်ရွာလူထုအဖွဲ့များ၏ စွမ်းဆောင်ရည်များ၊ သတင်းအချက်အလက် လိုအပ်ချက်များနှင့် လိုလားနှစ်သက်သည့် ဆက်သွယ်ပြောကြားရေး နည်းလမ်းများကို ထင်ဟပ်ဖော်ပြနေရမည်။ | (၂-၁) – ရပ်ရွာလူထု၏ အကြံပြုချက်များ၊ အမြင်များ၊ ပူးပေါင်းပါဝင်မှုများ၊ ကဏ္ဍများစွာပါဝင်သည့် လိုအပ်ချက် ဆန်းစစ်မှုများမှ စုဆောင်းရရှိသည့် ဘေးဒဏ်ခံပြည်သူများ၏ အမြင်များကို ကိုယ်စားပြုနေသည့် သက်သေအထောက်အထားများကို စုစည်းခြင်း။ | (၂-၁-၁) – ရပ်ရွာလူထု၏ အကြံပြုချက်များ၊ အမြင်များ၊ ကဏ္ဍများစွာပါဝင်သည့် လိုအပ်ချက်ဆန်းစစ်မှုများတွင် ပူးပေါင်းပါဝင်မှုများမှ စုဆောင်းရရှိသည့် ဘေးဒဏ်ခံ ပြည်သူများ၏ အမြင်များကို ကိုယ်စားပြုနေသည့် သက်သေအထောက်အထားများကို စုစည်းရန်အတွက် AAP လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ခြင်း။ | AAPWG နှင့် ပြည်နယ်/ဒေသကြီး အဆင့် AAPWG | ၂၀၂၅ ခုနှစ်၏ Q2 | |
| ၂။ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်ဆန်းစစ်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း | (၂-၂) – အေဂျင်စီများ၏ လက်ရှိ AAP လုပ်ငန်းစဉ်များ၊ ယင်းတို့အား အသုံးပြုသည့် နည်းလမ်းများကို မြေပုံဆွဲလေ့လာ၍ စုပေါင်း တာဝန်ခံယူမှုကို ပိုမိုဖန်တီးရန်အတွက် ယင်းတို့ကို အခြေခံ၍ တည်ဆောက်ခြင်း။ | (၂-၂-၂) – ဘေးဒဏ်ခံ ရပ်ရွာလူထုက ဆုံးဖြတ်ချက်ချမှတ်ရန်လိုအပ်သည့် သတင်းအချက်အလက်များ ရှိထားစေရေးအတွက်၊ လေ့လာဆန်းစစ်မှုပြုလုပ်ပြီးနောက် သတင်းအချက်အလက် မရှိခြင်း၏ အဓိက အတားအဆီးများအတွက် အကြံပြုထားသော ဖြေရှင်းနည်းများပါဝင်သည့် လျှပ်တပြက်အစီရင်ခံစာကို ရေးသားခြင်းနှင့် လက်ရှိ မဟာဗျူဟာများ၊ အကောင်းဆုံးအလေ့အထများနှင့် ဆန်းသစ်တီထွင်သော အကြံဉာဏ်များကို ပြန်လည်သုံးသပ်ခြင်း။ | AAPWG | ၂၀၂၅ ခုနှစ်၏ Q2 | |

| | | | | | |
|---|---|---|---|---|---|
| | | (၂-၂-၃) - အစုအဖွဲ့တစ်ခုချင်းအတွက် AAP ဦးတည်ပုဂ္ဂိုလ်များကို သတ်မှတ်ခြင်း။ | AAPWG | ၂၀၂၅ ခုနှစ် ဇန်နဝါရီလ မှစ၍ စဉ်ဆက်မပြတ် | အစုအဖွဲ့များ/ အစုအဖွဲ့ခွဲများ အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် PSEA ဦးတည်ပုဂ္ဂိုလ်များကိုပင် AAP FPs များအဖြစ် ထားရှိရန်အတွက် အစုအဖွဲ့များနှင့် ဆွေးနွေးရပါမည်။ |
| | | (၂-၂-၄) နိုင်ငံအဆင့် AAP/CE WG ၏ အစည်းအဝေးများကို လစဉ်ပြုလုပ်ခြင်း။ | ပူးတွဲဥက္ကဋ္ဌများ | | |
| | | (၂-၂-၅) – ပြည်နယ်/ဒေသကြီးအဆင့် AAP ပူးတွဲဥက္ကဋ္ဌများကို သတ်မှတ်၍ ပြည်နယ်/ဒေသကြီးအဆင့် AAPWG ၏ လစဉ်အစည်းအဝေးများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။ | ပူးတွဲဥက္ကဋ္ဌများ | ၂၀၂၅ ခုနှစ် ဇန်နဝါရီလ မှစ၍ စဉ်ဆက်မပြတ် | |
| | (၂-၃) - HCT/ICCG/အလှူရှင်တို့၏ ဆုံးဖြတ်ချက်များ၊ လူသားချင်းစာနာမှု လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်၊ အခြားသော လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းများနှင့် စာရွက်စာတမ်းများကို | (၂-၃-၁) – ရပ်ရွာလူထုဟစ်သံစင်မြင့် (CVP) ကို ထိန်းသိမ်း၍ (AAP/CE WG အပါအဝင်) လူသားချင်းစာနာမှုအဖွဲ့များက ပို၍ အသုံးပြုရန် မြှင့်တင်ပေးခြင်း<br><br>(၂-၃-၂) – အဖွဲ့အစည်းများနှင့် အစုအဖွဲ့များက စုဆောင်းနေပြီဖြစ်သည့် အချက်များကို အခြေခံ၍ | WFP | စဉ်ဆက်မပြတ် | |

| | | | | | |
|---|---|---|---|---|---|
| | အသိပေးလမ်းညွှန်ရန်အတွက် တုံ့ပြန်ရေးလုပ်ငန်း တစ်ခုလုံးတွင် သရုပ်ခွဲဆန်းစစ်မှုများမှ စုစည်းရရှိသည့် သက်သေ အထောက်အထားများကို အမျိုးအစားအလိုက် ပေါင်းစပ်စုစည်းခြင်း။ | AAP/CE အတွက် ဘုံအချက်အလက်နေရာများ (data points) ကို သတ်မှတ်ဖော်ထုတ်၍ သဘောတူညီခြင်း - ဤအများသုံးစနစ်သည် အကြံပြုချက်၊ တိုင်ကြားချက်ပေးခြင်းနှင့် PSEA အစီရင်ခံခြင်းတို့ကို ကူညီပေးပါမည်။ | | | |
| | | (၂-၃-၃) – စီမံကိန်းလမ်းကြောင်း ပြင်ဆင်ခြင်းနှင့် စီမံကိန်းဆောင်ရွက်မှုကို အသိပေးလမ်းညွှန်ရန်အတွက် ICCG, HCT နှင့် အခြားသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအား တိုက်တွန်းလှုံ့ဆော်မည့် ရည်ရွယ်ချက်ဖြင့် အချက်အလက်များကို မြင်လွယ်သော ပုံစံဖြင့် ထုတ်ပေးနိုင်သည့် ရိုးရှင်းသော Power BI စနစ်တစ်ခုကို ဖော်ထုတ်၍ သုံးလတစ်ကြိမ် အချက်အလက်စာစောင်များ ထုတ်ဝေရာတွင် အသုံးပြုခြင်း။ | WFP | သုံးလ တစ်ကြိမ် | |
| | (၂-၄) – AAP/CE WG အစည်းအဝေးများကို စဉ်ဆက်မပြတ် ပြုလုပ်ခြင်းနှင့် ဆက်စပ်အဖွဲ့များတွင် ကိုယ်စားပြုပါဝင်ခြင်း | (၂-၄-၁) – သီးသန့်ဒေသများ/တုံ့ပြန်ရေးလုပ်ငန်းများရှိ ဘေးဒဏ်ခံပြည်သူများအတွက် ပူးတွဲအဓိကသတင်းစကားများကို ဖော်ထုတ်ခြင်း။ | AAPWG | ၂၀၂၅ ခုနှစ်၏ Q1 | |
| | | (၂-၄-၂) – အဆိုပါ ပူးတွဲအဓိကသတင်းစကားများအား လက်ခံမှုကို အကဲဖြတ်ခြင်း။ | AAPWG | ၂၀၂၅ ခုနှစ်၏ Q1 | |
| | | (၂-၄-၃) – လိုအပ်ချက်ဆန်းစစ်မှုများ ပြုလုပ်ရာတွင် ဘေးဒဏ်ခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် ရလဒ်များကို မျှဝေခြင်း | AAPWG အဖွဲ့ဝင်များနှင့် အေဂျင်စီအားလုံး | ၂၀၂၅ ခုနှစ်၏ Q1 မှစ၍ စဉ်ဆက်မပြတ် | |

| | | | | | |
|---|---|---|---|---|---|
| | | (၂-၄-၄) – စုဆောင်းရရှိသည့် သက်သေအထောက်အထားများကို ရပ်ရွာလူထုနှင့်အတည်ပြုခြင်း။ | AAPWG နှင့် ပူးတွဲဥက္ကဋ္ဌများ | | |
| ၃။ လူသားချင်းစာနာမှု တုံ့ပြန်ရေးလုပ်ငန်းတွင် ဘေးဒဏ်ခံ ပြည်သူများ၏ ရင်တွင်း စကားသံများ ပါဝင်ပြီး၊ ၎င်းတို့၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရမည်။ | (၃-၁) - လူသားချင်းစာနာမှုတုံ့ ပြန်ရေးလုပ်ငန်းများအား စီမံချက်ရေးဆွဲရာတွင် ရပ်ရွာလူထု အခြေခံသည့် အဖွဲ့အစည်းများ၊ ရပ်ရွာ ကိုယ်စားလှယ်များနှင့် လက်တွဲဆောင်ရွက်ပြီး ၎င်းတို့ကို လုပ်ပိုင်ခွင့်ပေးခြင်း။ | (၃-၁-၁) – မိတ်ဖက်အဖွဲ့များ၏ ကျွမ်းကျင်မှု/အသိပညာ ကွာဟချက်များနှင့် လေ့လာသင်ယူရန် လိုအပ်ချက်များကို လေ့လာဆန်းစစ်၍ ပူးပေါင်းပါဝင်သော လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံချက်ရေးဆွဲခြင်းအတွက် သင့်တော်သော စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်း။ | ပူးတွဲဥက္ကဋ္ဌများ | တစ်နှစ်လျှင် နှစ်ကြိမ် | |
| | | (၃-၁-၂) – လက်ရှိ AAP/CE ဆိုင်ရာ အသိပညာပေး စာတမ်းစာစောင်များသည် သက်ဆိုင်မှုရှိပြီး နောက်ဆုံးရအချက်များဖြင့် မွမ်းမံထားကြောင်း သေချာစေရေးအတွက် ယင်းတို့ကို ပြန်လည်သုံးသပ်ခြင်း။<br><br>(၃-၁-၃) – အဓိကသတင်းအချက်အလက်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့် MIMU တွင် တင်ထားခြင်း။ | AAPWG | သုံးလတစ် ကြိမ် | |
| | | (၃-၁-၄) – အချက်အလက်မျှဝေရေးအတွက် အလေ့အထကောင်းများကို သတ်မှတ်ဖော်ထုတ်၍ စာရွက်စာတမ်းပြုစုခြင်း။ | AAP စီမံကိန်း မန်နေဂျာ | ၂၀၂၅ ခုနှစ်၏ Q1 | |

| | | | | | |
|---|---|---|---|---|---|
| | | (၃-၁-၅) –AAP/CE ဆိုင်ရာ နည်းပညာ လမ်းညွှန်ချက်များ ထောက်ပံ့ပေးရန် AAPWG အဖွဲ့ဝင်များထံသို့ မေတ္တာရပ်ခံချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း။ | AAPWG နှင့် ပူးတွဲဥက္ကဋ္ဌများ | မေတ္တာရပ်ခံ ချက်ပေါ် မူတည်၍ | |
| | (၃-၂) - စီမံကိန်း ရေးဆွဲဆောင်ရွက်ရာ၌ AAP/CE ခိုင်မာ အားကောင်းစေရေးအတွက် အထူးသဖြင့် ပြည်တွင်းနှင့် ဒေသခံမိတ်ဖက်များအပါအဝင် လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူများအား စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း ။ | (၃-၂-၁) – အထူးသဖြင့် အေဂျင်စီငယ်များ (NGOs/CSOs) များအပါအဝင် လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူများ၏ အဖွဲ့အစည်းများတွင် AAP စနစ်များ ခိုင်မာအားကောင်းစေရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ ဦးစားပေးမြင့်မားသည့် ဒေသများ၌ အေဂျင်စီများစွာပါဝင်သည့် AAP သင်တန်းများပေးခြင်းအားဖြင့် စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေရေးလုပ်ငန်းများ ကို စတင်ဆောင်ရွက်ရန်အတွက် AAP/CE WG အဖွဲ့ဝင်များနှင့် ပူးတွဲလုပ်ကိုင်ခြင်း။ | AAPWG၊ ပူးတွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ | မေတ္တာရပ်ခံ ချက်ပေါ် မူတည်၍ | |
| | (၃-၃) - ပြည်သူများ၏ ပူးပေါင်း ပါဝင်မှုကို အားပေးရန်အတွက် လက်ရှိဖြေရှင်းနည်းများ အပိုင်းပိုင်း ဖြစ်နေခြင်းကို လျှော့ချနိုင်မည့် အေဂျင်စီများစွာပါဝင်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုပ်ငန်းများကို ကူညီပေးခြင်း။ | (၃-၃-၁) – CVP အချက်အလက်နှင့် သရုပ်ခွဲ ဆန်းစစ်မှုများသည် အေဂျင်စီများစွာပါဝင်သည့် လေ့လာဆန်းစစ်မှုများနှင့် စီမံချက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ပါဝင်ကူညီကြောင်း သေချာစေခြင်း။ | WFP နှင့် AAPWG/ပူးတွဲဥက္က ဋ္ဌများ | သုံးလ တစ်ကြိမ်ဖြ င့် စဉ်ဆက် မပြတ် | |
| ၄။ တုံ့ပြန်ရေးလုပ်ငန်း အကောင်အထည် | (၄-၁) - ရပ်ရွာလူထုက ဆုံးဖြတ်ချက်ချမှတ်ရာတွင် | (၄-၁-၁) – နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့် AAPWG များတွင် ကိုယ်စားပြုပါဝင်နိုင်ရန်အတွက် | နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီး | လစဉ် | |

| | | | | | |
|---|---|---|---|---|---|
| ဖော်ဆောင်မှုကို ကြိုတင်အသိပေးထားသည့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှု၊ အကြံပြုချက်ပေးခြင်း စနစ်များဖြင့် ပေါင်းစပ်ညှိနှိုင်း၍ မောင်းနှင်ထားကာ၊ စောင့်ကြည့်စစ်ဆေးနေပြီး လိုအပ်သလို ချိန်ညှိပြင်ဆင်နေရမည်။ | ပူးပေါင်းပါဝင်ရေးအတွက် HCT နှင့် အခြားသော ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များမှတဆင့် ပေါင်းစပ်ညှိနှိုင်းထားသော နည်းလမ်းများကို တည်ထောင်ပေးခြင်း။ | ရပ်ရွာလူထုကိုယ်စားလှယ်ရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်အညီ ကိုယ်စားပြုမည့် ရပ်ရွာလူထုကိုယ်စားလှယ်များကို သတ်မှတ်ဖော်ထုတ်ခြင်း။ | အဆင့် AAPWG များ၏ ပူးတွဲဥက္ကဋ္ဌများ | | |
| | | (၄-၁-၂) – နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့် AAPWG များတွင် ပါဝင်ရန်အတွက် ဘေးဒဏ်ခံရပ်ရွာလူထု၏ ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းနှင့် AAPWG များမှတစ်ဆင့် ၎င်းတို့၏ စိုးရိမ်မှုများကို ICCG, HCT နှင့် အခြားသော ပေါင်းစပ်ညှိနှိုင်းရေးဖိုရမ်များသို့ အသိပေးခြင်း။ | နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီး အဆင့် AAPWG များ၏ ပူးတွဲဥက္ကဋ္ဌများ | လစဉ် | |
| | | (၄-၁-၃) – CVP ကို အမှုများအား တိုက်ရိုက်မှတ်ပုံတင်ပြီး၊ လမ်းကြောင်းအတိုင်း တင်ပြနိုင်စွမ်းရှိသော၊ အေဂျင်စီများစွာပါဝင်သော၊ ထိရောက်သော အကြံပြုချက်ပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းလုပ်ငန်းစဉ်များအဖြစ်သို့ ခိုင်မာစွာဖြစ်ပေါ်တိုးတက်စေခြင်း၊ ဘေးဒဏ်ခံပြည်သူများနှင့် ရပ်ရွာလူထုသို့ အဓိကသတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် အကြံပြုသည့် အမှုများကို စီမံခန့်ခွဲရန်အတွက် အဖွဲ့အစည်းများအား ကူညီပေးခြင်း။ | WFP နှင့် ပူးတွဲဥက္ကဋ္ဌများ | သုံးလတစ်ကြိမ်ဖြင့် စဉ်ဆက်မပြတ် | |
| | (၄-၂) – ရပ်ရွာလူထုက လူသားချင်းစာနာမှု တုံ့ပြန်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ တုံ့ပြန်ရေးတွင် ပါဝင်ဆောင်ရွက်သူများ၊ | (၄-၂-၁) – AAP/CE လုပ်ငန်းစဉ်အားလုံးသည် အပယ်ခံအုပ်စုများအားလုံးအတွက် အားလုံးပါဝင်၍ လက်လှမ်းမီနိုင်ကြောင်းသေချာစေခြင်း၊ ထပ်တိုးအတားအဆီးများကို ရင်ဆိုင်ရနိုင်သည့် | AAPWGM နှင့် အေဂျင်စီများအားလုံး | လုပ်ငန်းစီမံချက်၏ ကာလတစ်လျှောက်လုံး | မသန်စွမ်းသူများ၊ စိုးရိမ်မှုရှိသည့် အခြားသူများနှင့် တိုင်ပင်ဆွေးနွေးရန်။ |

| | | | | | |
|---|---|---|---|---|---|
| | စီမံကိန်းများနှင့် လျာထားချက် သတ်မှတ်သည့် စံနှုန်းများကိုလည်းကောင်း၊ သတင်းအချက်အလက်များ ထပ်မံရရှိရန် သို့မဟုတ် အကြံပြုချက်ပေးရန် သို့မဟုတ် တိုင်ကြားချက်များ တင်ပြရန် မည်သည့်နေရာသို့ သွားရမည်ကိုလည်းကောင်း အသိနိုးကြားမှုရှိစေရေးအတွက်၊ မျှော်မှန်းရလဒ် (၂) ပါ လုပ်ငန်းများတွင် ရရှိထားသည့် အကြံပြုချက်များကို အသုံးပြုလျှက်၊ သတင်းအချက်အလက် ပံ့ပိုးပေးရေးစနစ် အမျိုးမျိုးကို နေရာချထားခြင်း၊ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်သည့် စုပေါင်းနည်းလမ်းများကို အရှိန်မြှင့်တင်ခြင်းနှင့် သင့်တော်သော ဘာသာစကားနှင့် ဆက်သွယ်ပြောကြားရေး လမ်းကြောင်းများကို အသုံးပြုခြင်း။ | ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အထူးအလေးထားခြင်း။ | | | |
| | | (၄-၂-၂) - တိုင်ကြားချက်နှင့် အကြံပြုချက်ပေးနိုင်သည့် လမ်းကြောင်းများ၊ ဘေးဒဏ်ခံပြည်သူများနှင့် ရပ်ရွာလူထု၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မျှဝေပေးခြင်း။ | AAPWGM နှင့် ပူးတွဲဥက္ကဋ္ဌများ | သုံးလတစ်ကြိမ် | |
| | (၄-၃) တုံ့ပြန်ရေးစီမံကိန်းများတွင် စီမံကိန်းအား လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်မှုနှင့် | (၄-၃-၁) – အကြံပြုချက်နှင့် တိုင်ကြားချက်များကို စီမံခန့်ခွဲခြင်း၊ မြန်မာနိုင်ငံအတွက် ဖော်ထုတ်ထားသည့် PSEA SOPs နှင့်အညီ လိင်ပိုင်းဆိုင်ရာ | အေဂျင်စီအားလုံး နှင့် AAPWG | လိုအပ်သလို | |

| | | | | | |
|---|---|---|---|---|---|
| | စီမံကိန်းလမ်းကြောင်းပြင်ဆင်ခြင်းတို့ ပါဝင်စေရေးအတွက် အေဂျင်စီများအကြား လွှဲပြောင်းပေးရေး စနစ်များအတွင်းတွင် အကြံပြုချက်နှင့် တိုင်ကြားချက်ပေးခြင်းဆိုင်ရာ စုပေါင်းလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းခြင်း။ | ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်း (SEA) တိုင်ကြားချက်များကို အချိန်နှင့်တပြေးညီ ကိုင်တွယ်ခြင်း။ | | | |
| | | (၄-၃-၂) – စဉ်ဆက်မပြတ် လက်တွဲဆောင်ရွက်မှုနှင့် ဆွေးနွေးပြောဆိုမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် “အကြံပြုချက်ပေးခြင်း လုပ်ငန်းစက်ဝိုင်းကို ပိတ်သိမ်းရန် (close the feedback loop)” အတွက် တိုင်ကြားချက်/ အကြံပြုချက်အပေါ် အရေးယူ ဆောင်ရွက်သည် သို့မဟုတ် အရေးယူဆောင်ရွက်မှု မပြုပါ ဟူသော ဆုံးဖြတ်ချက်များကို ဘေးဒဏ်ခံ ပြည်သူများနှင့် ရပ်ရွာလူထုသို့ ဆက်သွယ်ပြောကြားခြင်း။ | AAPWGM နှင့် ပူးတွဲဥက္ကဋ္ဌများ | တစ်နှစ်လျှင် နှစ်ကြိမ် | |
| | (၄-၄) - ရပ်ရွာလူထုထံမှ အကြံပြုချက်များ၊ အမြင်များနှင့် အသေးစိတ်အချက်များကို စုစည်းပေါင်းစပ်ပြီး၊ ဆုံးဖြတ်ချက်ချမှတ်သူများက ယင်းတို့ကို အရေးယူ ဆောင်ရွက်နိုင်စွမ်းရှိစေပြီး၊ တုံ့ပြန်ရေးလုပ်ငန်း လမ်းကြောင်းကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် လိုက်လျောညီထွေ ပြောင်းလဲနိုင်စွမ်းရှိစေရန်အတွက် စနစ်ကျပြီး ပေါင်းစပ်ညှိနှိုင်းထားသည့် | (၄-၄-၁) – လေ့လာသင်ယူမှု၊ အရေးယူဆောင်ရွက်မှုနှင့် လိုက်လျောညီထွေပြောင်းလဲမှုတို့ကို အသိပေးလမ်းညွှန်ရန်အတွက် စုပေါင်း AAP လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းထားသော၊ ပူးပေါင်းပါဝင်သော၊ ပွင့်လင်းမြင်သာသော နည်းလမ်းဖြင့် အကဲဖြတ်၍ ပြန်လည်သုံးသပ်ခြင်း။ | AAPWGM နှင့် ပူးတွဲဥက္ကဋ္ဌများ | ၂၀၂၆ ခုနှစ်၏ Q1 | |
| | | (၄-၄-၂) - တုံ့ပြန်ရေးလုပ်ငန်းများအား အကဲဖြတ်ရန်၊ အတည်ပြုရန်နှင့် ယင်းတို့ထံမှ သင်ခန်းစာ ထုတ်နုတ်ယူရန်အတွက် ရပ်ရွာလူထု၏ အကြံပြုချက်များ၊ အမြင်များဖြင့် အသိပေးလမ်းညွှန်ပြီး၊ ဘေးဒဏ်ခံရပ်ရွာလူထုက | AAPWG နှင့် အေဂျင်စီအားလုံး | ၂၀၂၆ ခုနှစ်၏ Q1 မှစ၍ စဉ်ဆက် မပြတ် | |

| | | | | | |
|---|---|---|---|---|---|
| | နည်းလမ်းဖြင့် လူသားချင်းစာနာမှု ဦးဆောင်သူများ (အလှူရှင်များ/HCT/ICCG) သို့ ပုံမှန် ရှင်းလင်းတင်ပြခြင်း။ | အတည်ပြုထားသည့် ပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်တစ်ခုကို ပံ့ပိုးကူညီပေးခြင်း။ | | | |
| | | (၄-၄-၃) - အကဲဖြတ်ခြင်းလုပ်ငန်းမှ တွေ့ရှိချက်များနှင့် ထုတ်နုတ်ရရှိသည့်သင်ခန်းစာများကို ဘေးဒဏ်ခံပြည်သူများနှင့် ရပ်ရွာလူထုနှင့် လည်းကောင်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီး အဆင့်ရှိ အခြားသော အကျိုးသက်ဆိုင်သူများနှင့် လည်းကောင်း မျှဝေခြင်း။ | AAPWG နှင့် အေဂျင်စီအားလုံး | ၂၀၂၅ ခုနှစ်၏ Q3 မှစ၍ စဉ်ဆက် မပြတ် | |
| | | (၄-၄-၅) အထူးစိုးရိမ်မှုရှိနေသည့် ရပ်ရွာပြည်သူများ၊ အကြံပြုချက်ပေးခဲ့သည့် ရပ်ရွာပြည်သူများကို ထပ်မံဆက်သွယ်၍ ပြဿနာရပ်များကို အချိန်နှင့်တပြေးညီ ဖြေရှင်းပေးခြင်း။ | အေဂျင်စီအားလုံး | လိုအပ်သလို ၊ စဉ်ဆက် မပြတ် | |